## လက်ရှိ ပြင်ဆင်နေသည့် မြန်မာနိုင်ငံ၏ ၂၀၁၂ လယ်ယာမြေ ဥပဒေ၊ မြေလွတ် မြေလပ် မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေ နှင့် ၂၀၁၇ မြေသိမ်းဥပဒေကြမ်း အပေါ်

## ဒေသခံကျေးရွာသားများ၏ သဘောထားထုတ်ပြန်ချက်

၁။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် နေ့၊ သံတောင်ကြီးမြို့နယ် မိတ်သလင်တောင်ကျေးရွာ တွင် ပြုလုပ်သော လက်ရှိ မြေနှင့် သက်ဆိုင်သည့် ဥပဒေများ နှင့် ပြင်ဆင်နေသည့် ဥပဒေကြမ်းများအပေါ်သုံးသပ်သည့် ဆွေးနွေးပွဲကိုတောင်ငူ မြို့နယ်နှင့် သံတောင်ကြီး မြို့နယ်ရှိကျေးရွာ အုပ်စု (၃၆) အုပ်စုမှရွာသားများကိုယ်စားလှယ်ပေါင်း (၂၁၀) ဦးရောက်ရောက်ခဲ့ကြပြီး အောက်ပါသဘောထားများကို ထုတ်ပြန်လိုက်သည်။

၂။ မြေသည် ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူလူထုများအတွက် အသက် ဖြစ်သည်သာမကဘိုးဘွားစဉ်ဆက် အမွေ လည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ရေးဆွဲနေသော လယ်ယာမြေ ဥပဒေ၊ မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ နှင့် ၂၀၁၇ မြေသိမ်းဥပဒေကြမ်း တို့သည် ကျွန်ုပ်တို့ တိုင်းရင်းသား ဒေသခံတို့၏ အမွေ၊ အသက်မွေးဝမ်းကျောင်း နှင့် မြေယာ လုံခြုံမှု ကို ခြိမ်းခြောက်လျက်ရှိသည်။

၃။ ကျွန်ုပ်တို့ တိုင်းရင်းသားဒေသများတွင် မြေလွတ် မြေလပ် မြေရိုင်းမရှိပါ။ လက်ရှိ မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေသည် ကျွန်ုပ်တို့တိုင်းရင်းသား ပြည်သူများ၏ မြေပိုင်ဆိုင် အသုံးချမှုများကို အသိအမှတ်ပြုမှုမရှိသလို ကိုက်ညီမှု လည်းမရှိပါ။ ထို့ကြောင့် မြေလွတ် မြေလပ် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေကို ပြန်လည်ပြင်ဆင်ဆွေးနွေးမည့်အစား လုံးဝပယ်ဖျက်ပေးပါ။

၄။ ၂၀၁၇ မြေသိမ်းဥပဒေကြမ်းသည် ဒေသခံပြည်သူတို့၏ ဘဝ၊ အသက်မွေးဝမ်းကျောင်း၊ ယဉ်ကျေးမှု၊ လူ့ဂုဏ်သိက္ခာ တို့အတွက် မှီခိုရာ မြေယာ၊ ရေ၊ သားငါး၊ သစ်တော အစရှိသည်တို့ကိုကြီးမားစွာ ခြိမ်းခြောက်လျက် ရှိသည်ကို စိုးရိမ်ဖွယ်တွေ့ရှိရသည်။ ထိုမြေသိမ်းဥပဒေကြမ်းတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီစံများ နှ င့် တိုင်းရင်းသားအခွင့်အရေးများကို လျစ်လျူရှုပြီး မြေသိမ်းမှုကို အချိန်မရွေး တရားဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ် ရေးဆွဲ ထားသည်ကိုတွေ့ရှိရသည်။

၅။ ထို့ပြင် ၂၀၁၇ မြေသိမ်းဥပဒေကြမ်းသည် လက်ရှိတည်ဆောက်နေသော ငြိမ်းချမ်းရေး ကို ထိခိုက်စေနိုင်ပြီး ပဋိပက္ခများ ဖြစ်ပေါ်စေရန် တွန်းပို့နိုင်သည့်အတွက် ပြဌာန်းအတည်ပြုခြင်း မပြုလုပ်သင့်ပေ။

၆။ ကျွန်ုပ်တို့ အနေဖြင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ ထိရောက်စွာ ပူးပေါင်းပါဝင်မှုရှိပြီး ကျွန်ုပ်တို့၏ ဓလေ့ထုံးတမ်းများကို အကာကွယ်ပေးသော၊ ငြိမ်းချမ်းရေးကိုအထောက်အကူပြုသော၊ ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် မြေယာအခွင့်အရေးများကို လုံခြုံခိုင်မာမှုရှိစေသည့်ပြည်သူကိုအခြေပြုအကာကွယ်ပေးသော ဥပဒေများကို ရေးဆွဲရန် သက်ဆိုင်ရာတာဝန်ရှိသူများသို့ သဘောထားထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန်

စောဒိုထူး (၀၉ ၄၅၀၃၉ ၀၀၈၆)
ဦးကြည်ဝင်း (၀၉ ၇၈၂၁၃၁၈၂၂)
နော်အဲလစ်ဇဘက်ချော (၀၉ ၂၆၀၁၅၄၈၀၈)